**EVER FLOW RIVER GROUP PUBLIC CO., LTD.**

7A, 7th Floor, EFR Building, No. 941, Corner of Shukhintha Myopat Road and Myoma 11th Street, North 4th Ward, Thakayta Township, Yangon Region.

+951 5440 76, +951 5440 77, +959 8899 488 90

www.efrgroupmyanmar.com www.facebook.com/efrgroup

Ever Flow River Group Public Company Limited

No..................

Date..................

# အမြတ်ဝေစုခွဲဝေမှုအတွက် ရှင်းလင်းတင်ပြခြင်း

ရက်စွဲ။ ။ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်။

ထာဝရနဒီအုပ်စု ကုမ္ပဏီများ (အများနှင့်သက်ဆိုင်သော) လီမိတက် (EFR Group) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ ဘဏ္ဍာရေးအခြေအနေအရ ကုမ္ပဏီအုပ်စုအတွင်းရှိ စီမံကိန်းများအတွက် အဆောက်အအုံ၊ စက်ပစ္စည်းများနှင့် လုပ်ငန်းသုံး မော်တော်ယာဉ်များထပ်တိုး ဝယ်ယူဖြည့်ဆည်းရန် အစီအစဉ်များ ရှိပါသည်။

ယခုနှစ်အတွင်း ရရှိထားသော အမြတ်ငွေများအပေါ် အမြတ်ဝေစု ခွဲဝေပေးခြင်းထက် ရရှိလာသည့် စီးပွားရေးအခွင့်အလမ်းများကို အမိအရရယူကာ ရေရှည်အသုံးပြုနိုင်မည့် ပုံသေ ပိုင်ဆိုင် မှုများ ထပ်တိုး ဝယ်ယူ၍ ပြန်လည်ရင်းနှီးမြှုပ်နှံပါက နောင်လာမည့်နှစ်များတွင် အမြတ်ဝင်ငွေ ပိုမိုတိုးပွားလာမည်ဖြစ်ကြောင်း သုံးသပ် တွက်ချက်ရရှိပါသည်။ ထို့အပြင် လုပ်ငန်းများ ပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်း လည်ပတ်သုံးစွဲငွေကိုလည်း လုံလောက်စွာ ထိန်းသိမ်းထားရှိရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစု ခွဲဝေ ပေးခြင်းထက် လုပ်ငန်းပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။ သို့ပါ၍ ယခုဘဏ္ဍာရေးနှစ် အတွက် အမြတ်ဝေစု ခွဲဝေပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နောင်လာမည့်နှစ်များတွင် အစုရှယ်ယာရှင်များထံ အမြတ်ဝေစု ပိုမိုခွဲဝေပေးနိုင်ရေး စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း လေးစားစွာဖြင့် အသိပေးရှင်းလင်းတင်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးမောင်မောင်ဦး

ဒုတိယဥက္ကဋ္ဌ

ထာဝရနဒီအုပ်စု ကုမ္ပဏီများ (အများနှင့်သက်ဆိုင်သော)

လီမိတက်